# နိုဝင်ဘာလ ၂ ရက်၊ ၂၀၂၁။ ငွေချေးစာချုပ် စီမံချက် မကြာခဏ မေးမြန်းလေ့ရှိသော မေးခွန်းများ

## ၁။ နိုဝင်ဘာလ ၂ ရက်၊ ၂၀၂၁ မဲဆန္ဒပေးရာတွင် ဘာတွေဖြစ်မလဲ?

**နိုဝင်ဘာလ ၂ ရက် ၂၀၂၁ နေ့တွင်** Battle Creek မြို့နယ်ကျောင်း ခရိုင် BCPS အတွင်းရှိ မဲဆန္ဒရှင်များသည် မဲပေးရာတွင် BCPS အလယ်တန်းကျောင်းအား ပြန်လည်ပြင်ဆင်ရေးအတွက် ခံဝန်ငွေချေးစာချုပ် စီမံချက်ကို ထည့်သွင်းစဉ်းစားကြစေရန် တိုက်တွန်းလိုပါသည်။ ဤစီမံချက် ဖြစ်မြောက်သွားပါက အကျိုးရလဒ်အနေဖြင့် Northwestern အလယ်တန်းကျောင်းအား K-8 visual and performing arts academy အသွင်ပြန်လည်ပြင်ဆင်မည်ဖြစ်သည့်အပြင် Springfield အလယ်တန်းကျောင်းအဆောက်အအုံ ပြုပြင်မွမ်းမံခြင်းအားဖြင့် ဂန်ဆောင်မှုပေး-ပညာသင်ကြားရေးကျောင်းအဖြစ်သို့ ဆက်လက်၍ ပြောင်းလဲသတ်မှတ်ခြင်းအတွက် ကူညီထောက်ပံ့မှုလည်း ဖြစ်ပါသည်။

ငွေချေးစာချုပ်၏ ငွေရင်းပမာဏမှာ ဒေါ်လာ ၄၄,၈၀၀,၀၀၀ သန်းဖြစ်ပြီး ပထမနှစ်၌ အခွန်စည်းကြပ်ငွေ ၂.၇၁ သန်းရရှိမည်ဖြစ်ပြီး ခွင့်ပြုချက်ရပြီးဖြစ်ပါက အခွန်နှုန်းတိုးတက်မှု ၁.၅ သန်းခန့် ရှိမည်ဖြစ်သည်။

## ၂။ ငွေချေးစာချုပ်ထုတ်ဝေခြင်းဆိုတာ ဘာလဲ ?

ငွေချေးစာချုပ်ထုတ်ပြန်ရခြင်းဖြင့် ကျောင်းခရိုင်မှ မဲဆန္ဒရှင်များအား မဲပေးလွှာပေါ်တွင် မေးခွန်းမေးမြန်းနိုင်မည်ဖြစ်ပြီး ကျောင်းခရိုင်၏ ပုံမှန်လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ ရန်ပုံငွေကြေးမှ အကုန်အကျခံခွင့်မရှိသော အဓိကကျသည့် ငွေလုံးငွေရင်း စီမံကိန်းများ (ဥပမာ ပြုပြင်မွမ်းမံခြင်းများ၊ အဆောက်အအုံတိုးချဲ့ခြင်းများ၊ အသစ်ပြုပြင်တည်ဆောက်ခြင်း စသည်) ချမှတ်ပေးရန် အဆိုပါ တင်ပြထားသည့် ငွေကြေးသုံးစွဲမှုကို မဲပေးရာတွင် ထည့်သွင်းစဉ်းစားစေရန်ဖြစ်သည်။ စီမံချက် ခွင့်ပြုချက်ရပါက အိမ်ဂယ်မှ အပေါင်စာချုပ်ကဲ့သို့ အလားတူဖြစ်ပြီး ချေးငွေပြီးမြောက်

အောင် ပြန်လည်ဆပ်မပြီးခင်အတွင်း နှစ်စဉ်နှစ်တိုင်း ငွေချေးစာချုပ်မှ အကြွေးနှုန်းထားတစ်ခု ရရှိမည် ဖြစ်ပါသည်။

**၃။ မည်သည့် ပြုပြင်မွမ်းမံခြင်းများကို ငွေချေးစာချုပ်မှ အကုန်အကျခံပေးမည်ဖြစ်ပါသလဲ?**

BCPS အလယ်တန်းကျောင်းပညာရေးအတွေ့အကြုံကို ပြောင်းလဲရာတွင် ငွေချေးစာချုပ်စီမံချက်မှ အဓိကကျသည့်ပြုပြင်မွမ်းမံခြင်းများအတွက် အဆောက်အဦးပြုပြင်ခြင်းနှင့် တိုးချဲ့ခြင်းများကို Springfield နှင့် Northwestern ကျောင်းများ၌ ပြုလုပ်နိုင်ရန် ထောက်ပံ့စရိတ်ထုတ်ပေးနိုင်မည်ဖြစ်သည်။ Northwestern ကျောင်း၌ ငွေချေးစာချုပ်မှ ရင်းနှီးမြုပ်နှံမည့်အရာများမှာ အနုပညာသင်ကြားရေးအတွက်နေရာအဖြစ် တိုးတက်မှုအသွင်ပြောင်းနိုင်ရန်၊ သူငယ်တန်းစာသင်ခန်းများအတွက် နေရာအသစ်တိုးချဲ့ရန်၊ လိုက်လှဲပျူငှာ ကြိုဆိုရေးစင်တာ၊ လုံခြုံရေး အဆင့်မြင့်မွမ်းမံခြင်း၊ အနုပညာ နှင့် အက စတူဒီယိုများ၊ ဒစ်ဂျစ်တယ် အနုပညာနှင့် အက စတူဒီယို အသစ်များ၊ ဒီဂျစ်တယ် ပုံနှိပ်ခြင်းများနှင့် ဗီဒီယိုထုတ်လုပ်မှု စီစဉ်တင်ဆက်ရေး စမ်းသပ်ခန်း၊ ဇာတ်ရုံခန်းမ နှင့် ရေကူးကန် အဆင့်မြင့်မွမ်းမံခြင်းများ၊ အကျိုးရှိစွာ စွမ်းအင်သုံး ပြတင်းပေါက်အသစ်များနှင့် တံခါးအသစ်များ၊ အပူပေးခြင်း၊ လေဝင်လေထွက်ကောင်းမွန်စေခြင်းနှင့် အအေးပေးခြင်း (HVAC) အဆင့်မြင့်မွမ်းမံခြင်းများတို့ဖြစ်သည်။ Springfield ကျောင်း၌ လေအေးပေးစက် စနစ်အသစ်များ၊ အကျိုးရှိစွာ စွမ်းအင်သုံး ပြတင်းပေါက်အသစ်များနှင့် တံခါးအသစ်များ၊ အပူပေးခြင်း၊ မီးပေးတပ်ဆင်မှု အသစ်များ၊ အများသုံး အိမ်သာအဆင့်မြင့်မွမ်းမံခြင်းများ၊ လွယ်ကူသက်သာ အသုံးပြုခြင်းဆိုင်ရာ အဆင့်မြင့်မွမ်းမံခြင်းများ၊ နည်းပညာဆိုင်ရာ အဆင့်မြင့်မွမ်းမံခြင်းများနှင့် ကျောင်းစာသင်ခန်း ပရိဘောဂ အသစ်များကို ပြုပြင်ပြောင်းလဲခြင်းအားဖြင့် မိမိတို့၏ ကလေးငယ်များအတွက် ပိုမိုကောင်းမွန်စေမည့် သင်ယူလေ့လာမှုပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**၄။ ကျောင်းခရိုင်၏ ပြုပြင်ပြောင်းလဲမှုနှင့် ယခုတင်ပြသည့် စီမံချက် ဘယ်လိုဆက်နွယ်မှု ရှိပါသလဲ?**

- ၂၀၁၇ ခုနှစ်ကာလမှစ၍ ကျောင်းခရိုင်မှ ထိရောက်ပေါ်လွင်သည့် ပြည့်စုံပြည့်ဝသော ပြောင်းလဲမှုများကို ကျောင်းသားတိုင်း၊ အတန်းတိုင်းနှင့် ကျောင်းတိုင်း၏ တိုးတက်အောင်မြင်မှုသေချာစေရန်ဆောင်ရွက်ခဲ့ပါသည်။ တင်သွင်းထားသည့် အလယ်တန်းကျောင်း ပြုပြင်မွမ်းမံရေး စီမံချက်ကို နိုဝင်ဘာလ ၂ ရက်နေ့ မဲပေးလွှာတွင် မေးခွန်းထည့်သွင်း ဖော်ပြထားပြီး ကျောင်းခရိုင်၏ အနာဂါတ်လုပ်ဆောင်မှုများအတွက် ခြေလှမ်းအသစ် စတင်လိုက်ခြင်း ဖြစ်ပါသည်!
- ဤပြုပြင်ပြောင်းလဲမှု စီမံချက်စတင်ချိန်မှစ၍ အမြောက်အများ ပြီးစီးအောင်မြင်ခဲ့ပါသည်။ BCPS မိသားစုများသည် ယခုအခါ၌ မိမိတို့၏ကျောင်းသားများအတွက် စိတ်ပါဝင်စားရာနှင့် ပါရမီစွမ်းရည်ကျွမ်းကျင်မှုတို့အား ကျောင်းမှစနစ်အတိုင်း ပညာသင်ကြားရင်း ကြွယ်ဝလှသော ရွေးချယ်ခွင့်များရရှိလာမည်ဖြစ်သည်။ ထို့နောက် ရပ်ရွာပြည်သူများထံမှ တုံ့ပြန်ချက်များ အရ ဆက်လက်ပြီး Northwestern ကျောင်းအား အနုပညာအသားပေး

K-8 အဆောက် အအုံအဖြစ်ပြောင်းလဲသွားမည်ဖြစ်ပြီး Springfield ကျောင်းအား ဂန်ဆောင်မှုပေး-ပညာသင်ကြားရေးကျောင်းအဖြစ် ကျောင်းသားများ ရပ်ရွာလူထု၏တန်ဖိုးကို လေ့လာနိုင် မည့်နေရာတစ်ခုအဖြစ် ဖန်တီးသွားမည်ဖြစ်ပါသည်။ ဤငွေချေးစာချုပ်စီမံချက်မှတစ်ဆင့် မိမိတို့၏ အလယ်တန်းကျောင်းများ၊ ကျောင်းခရိုင်နှင့် ရပ်ရွာလူထုအတွက် တိုးတက်သော ပြောင်းလဲမှုအဖြစ် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။

## ၅။ စီမံချက် ဘယ်လို ဖြစ်မြောက်လာပါသလဲ?

- အလယ်တန်းကျောင်း ပြုပြင်မွမ်းမံခြင်းကို ရပ်ရွာလူထု၏ ပါဂင်လှုံ့ဆော်မှုမှအစပြုခဲ့ပြီး စီမံချက်ဖြစ်မြောက်အောင် လုပ်ဆောင်မှုတစ်လျှောက်တွင် နယ်ပယ်အစုံမှ အစုရှယ်ယာ ဂင်များ၏ ကျယ်ပြန့်သော လေးနက်စွာ လမ်းညွှန်မှုများလိုက်နာသွားမည် ဖြစ်ပါသည်။ ငွေချေးစာချုပ်စီမံချက် ကော်မတီမှ ဇန်နဂါရီလတွင် မြို့နယ်အစည်းအဂေး နစ်ကြိမ်ပြုလုပ်ခဲ့ပြီး ကျောင်းသားများ၏ အသံများကို အကြံပေးကောင်စီများမှတစ်ဆင့် ရယူကြိုးပမ်းကာ သိရှိခဲ့ရပါသည်။ ငွေချေးစာချုပ်ကော်မတီအဖွဲ့ဂင်ဖြစ်သော ဤဧရိယာအတွင်းနေထိုင် ရုံသာမက ရပ်ကွက် #၂၏ ကော်မရှင်အဖြစ်လည်းတာဂန်ယူထားသော ဂျန်နဆီရာ မော်ရစ်စ်အားလည်းအထူးကျေးဇူးတင်အပ်ပါသည်။ အားလုံး၏အသံများကို သိရှိနိုင်ရန် အတွက် စီမံရေး အစည်းအဂေးများ၊ ကော်မတီအစည်းအဂေးများတွင် မိဘများ၊ ကျောင်းသားများနှင့် ရပ်ရွာလူထုမှ ထပ်တိုးအဖွဲ့ဂင်များကို ရည်ရွယ်ချက်ရှိရှိ ထည့်ထား ရခြင်း ဖြစ်ပါသည်။
- ၂၀၂၀ ခုနှစ် နွေဦးရာသီတွင် BCPS မှ C2AE ဗိသုကာများနှင့် အင်ဂျင်နီယာများ၊ TMP ဗိသုကာပုံစံနှင့် Elite ဆောက်လုပ်ရေးကုမ္ပဏီတို့အား အလုပ်ခန့်အပ်ထားပြီးဖြစ်ကာ Springfield နှင့် Northwestern ကျောင်းများကို ချင့်ချိန်အကဲဖြတ်မှု ပြုလုပ်ပြီး ကျောင်း အဆောက်အအုံ၏အခြေအနေများ မည်သည့်နေရာနှင့် မည်သည့်နည်းလမ်းဖြင့် တိုးတက် မွမ်းမံနိုင်သည်ကို ထုတ်ဖော်ပိုင်းခြားမှု ပြုလုပ်ပါသည်။ Northwestern ကျောင်းအား ဖျော်ဖြေမှုအနုပညာ အသားပေး K-8 ကျောင်းအဖြစ် ပြောင်းလဲနိုင်ရန်လိုအပ်သော မွမ်းမံမှုများကိုလည်း ရှာဖွေ ဖော်ပြခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။
- ကျောင်းခရိုင် စီမံအုပ်ချုပ်ရေးနှင့် သင်ကြားမှုတာဂန်ရှိ ဂန်ထမ်းများသည် စူးစမ်းလေ့လာ သည့် "ကွင်းဆင်းခြင်းများ" ကို ပြည်နယ်အတွင်းနှင့် နိုင်ငံအတွင်းရှိ အခြားသော အလား တူ အနုပညာပရိုဂရမ်များနှင့် ကျောင်းအဆောက်အဦးများအား အင်တာနက်မှတစ်ဆင့် လေ့လာကြည့်ရှုခြင်း၍ ပါဂင်လုပ်ရှားခဲ့ပြီး Northwestern ကျောင်းအတွက် ပြောင်းလဲရေး စီမံရာအတွက် ပိုမိုအသိအမြင်တိုးပွားစေခဲ့ပါသည်။
- ဒီဇင်ဘာလ ၁၆ ရက်၊ ၂၀၂၀ တွင် ကျောင်းခရိုင်ပြုပြင်မွမ်းမံရေးအသင်းမှ ၎င်းတို့ ရှာဖွေ တွေ့ရှိထားသော အချက်အလက်များနှင့် အကြံပြုချက်များကို ပညာရေးဌာန ဘုတ်အဖွဲ့

သို့တင်ပြခဲ့ပြီး ထိုမှတစ်ဆင့် မေလ ၄ ရက် ၂၀၂၁ တွင်ပြုလုပ်သည့် ငွေချေးစာချုပ် ရွေးကောက်ပွဲတွင် ရှေ့ဆက်ဆောင်ရွက်ရန် ကူညီပံ့ပိုးခဲ့ပါသည်။

- မေလ ၂၀၂၁၌ မဲဆန္ဒပေးလွှာတွင် ထည့်ဝင်ခြင်းကိစ္စ ပျယ်ချခံခဲ့ရပြီးနောက် ပညာရေးဌာန ဘုတ်အဖွဲ့မှ ထပ်မံ၍ နိုဝင်ဘာလ ၂ ရက် ၂၀၂၁တွင် တစ်ညီတညွတ်တည်း သဘောတူ ညီစွာမဲခွဲဆုံးဖြတ်ကာ ငွေချေးစာချုပ် စီမံချက်အား နိုဝင်ဘာလ ၂ ရက် ၂၀၂၁ ရွေးကောက်ပွဲ မဲဆန္ဒပေးလွှာတွင် ပြန်လည်ထည့်ဝင်ရန် ဆောင်ရွက်ခဲ့ပါသည်။

## ၆။ စီမံကိန်းအတွက် ကန့်သတ်ကာလရှိပါသလား?

စီမံကိန်း၏ အောက်ဖော်ပြပါ ကြာမြင့်ချိန်ကာလသည် **<u>ခန့်မှန်းချက်</u>** သာဖြစ်ပါသည်။ နေ့စွဲများနှင့် စီမံချက် ညွှန်ကြားချက်များကို ဖော်ပြပါအကြောင်းအရင်းများအပေါ် မူတည်၍ ပြန်လည် ထုတ်ပြန်နိုင်ပါသည် - ဈေးကွက်အနေအထားများ၊ ကျောင်းသားများအပေါ် သက်ရောက်မှု ၊ မိုးလေဝသ၊ ကုန်ပစ္စည်းဝယ်ယူရနိုင်မှုအခြေအနေနှင့် ကျောင်းစာသင်နှစ် ပြက္ခဒိန်။

**၂၀၂၂ အစောပိုင်း** – ၂၀၂၂ နွေရာသီမတိုင်ခင်စတင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်
**၂၀၂၂ ဆောင်းဦးရာသီ** – ဆောက်လုပ်ရေးများ ကဏ္ဍအလိုက်စတင်မည်
**၂၀၂၄ ဆောင်းဦးရာသီ** – NWMS နှင့် SMS ကျောင်းများ ပြုပြင်မွမ်းမံခြင်း ပြီးမြောက်မည်

## ၇။ အဆောက်အအုံပြုပြင်မွမ်းမံခြင်းမှ ဖြစ်ပေါ်လာမည့် အနှောင့်အယှက်ဖြစ်မှုကို အနည်းဆုံးဖြစ်စေရန် မည်သို့ စီစဉ်ထားပါသလဲ?

ကျောင်းအဆောက်အအုံ ပြုပြင်မှုများကို နိစ္စဓူဝ လုပ်ငန်းလည်ပတ်ခြင်းများ၊ လက်ရှိပြုလုပ် နေသည့်အစီအစဉ်များ သို့မဟုတ် ရပ်ရွာဝန်းကျင်ဘေးကင်းလုံခြုံရေးတို့အပေါ် အနှောင့်အယှက် ဖြစ်ခြင်း ကန့်သတ်နိုင်ရန် ရေးဆွဲစီစဉ်ထားပါသည်။ ဆောင်လုပ်ရေးကိစ္စအများအပြားကို နွေရာသီ လ များအတွင်း ပြီးစီးစေရန် စီစဉ်ထားပါသည်။

## ၈။ ပတ်ဝန်းကျင်ရှိ ခရိုင်များမှ ၎င်းတို့၏ယိုယွင်းလာသည့် ကျောင်းအဆောက်အအုံ အနေအထားများအပေါ် မည်သို့ မှတ်ချက်ပေးထားပါသလဲ?

ပတ်ဝန်းကျင်ရှိ ခရိုင်ကျောင်းများသည်လည်း ယိုယွင်းလာသည့် ကျောင်းအဆောက်အအုံ အခြေအနေများကို တန်းတူရင်ဆိုင်နေရပါသည်။ ငွေချေးစာချုပ်စီမံချက်များသည် မိမိတို့ ပတ်ဝန်းကျင်တွင် ခွင့်ပြုချက်ရပြီး လက်တွေ့အကောင်အထည်ဖော်နေကြပြီ ဖြစ်ပါသည်၊ Lakeview ကျောင်းများအတွက် သန်း $၄၇ ငွေချေးစာချုပ်, Gull Lake ကျောင်းများအတွက် သန်း $၆၄.၉ ငွေချေးစာချုပ်နှင့် Marshall ကျောင်းများအတွက် သန်း $၄၀ ငွေချေးစာချုပ်တို့ပါဝင် သည်။ လက်ရှိအနေအထားအရ ပြိုင်ဆိုင်မှုမြင့်မားသည့် ပတ်ဝန်းကျင်တွင် ခရိုင်ကျောင်းများသည် ကျောင်းသားများ မြဲမြံရေးနှင့် ကျောင်းသားသစ်များ စုဆောင်းရေးတို့အတွက် တတ်အားသမျှ အခွင့်အရေးများကို လိုက်လံရှာဖွေရပါသည်။




**၉။ အဆောင်အအုံအရည်သွေး၏တန်ဖိုးသည် ကျောင်းသားများ ပညာသင်ကြားရေးနှင့် ဆရာများ မြဲမြံစွာတည်ရှိနေရန်အတွက် မည်သို့ သက်ဆိုင်ပါသလဲ?**

ကျောင်းအဆောင်အအုံများ၏ အရည်အသွေးကောင်းမွန်ခြင်းသည် ကျောင်းသားများအပေါ် နည်းလမ်းနှစ်သွယ် သက်ရောက်မှုရှိပါသည်။ ပထမအချက်မှာ မပြည့်စုံသည့် ကျောင်းအဆောက်အအုံသည် ကျောင်းသားအတွက် ပညာသင်ကြားမှုနှင့် ကျောင်းစာပြင်ပ လုပ်ရှားမှုများ ပြုလုပ်နိုင်ရန် ကန့်သတ်မှုများဖြစ်ပေါ်စေနိုင်ပါသည်။ ဒုတိယအချက်မှာ ကျောင်းအဆောက်အအုံ သည် ကျန်းမာရေး၊ အပြုအမူ၊ စိတ်ပါဝင်စားမှု၊ သင်ယူလေ့လာမှုနှင့် အောင်မြင်မှု တိုးတက်ရေးတို့ အပေါ် အကျိုးသက်ရောက်မှုရှိပါသည်။ ကျောင်းဆရာများအားလေးစားသမှုဖြင့် ကျောင်း အဆောက်အအုံသည် ကျောင်းဆရာအသစ်များ စုဆောင်းခြင်း၊ မြဲမြံစေရန်ထိန်းသိမ်းခြင်း၊ ကတိတည်နိုင်မာစေခြင်းနှင့် အားစိုက်ထုတ်မှုများအပေါ် အကျိုးသက်ရောက်မှုရှိပါသည်။ ထို့ကြောင့် အဆောင်အဦးအရည်အသွေးမြင့်မားမှုသည် ကျောင်းဆရာတည်မြဲခြင်းနှင့် ကျောင်းသားများ ပညာသင်ကြားခြင်းတို့အတွက် အရေးပါသည့်အချက်အဖြစ် ကြိုတင်တွက်ဆ နိုင်ပါသည်။

**၁၀။ ခရိုင်အတွင်း ကျောင်းသားများ တည်မြဲစေရေးနှင့် ပိုမိုတက်ရောက်ရန် ဆွဲဆောင်နိုင်ရေး သည် အဘယ်ကြောင့်အရေးကြီးပါသလဲ?**

မစ်ရှီဂန်ပြည်နယ်ရှိ မြို့နယ်ကျောင်းများသည် ကျောင်းသားဦးရေအလိုက် လုပ်ငန်းလည်ပတ်မှု ထောက်ပံ့ငွေကြေးရရှိပါသည်၊ ဆိုလိုသည်မှာ ကျောင်းသားတည်မြဲရေးနှင့် ပိုမိုတက်ရောက်ရန်

ဆွဲဆောင်နိုင်ရေးသည် BCPS လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဘဏ္ဍာရေးတည်ငြိမ်မှုအတွက် အဓိက ကျသည့် အခန်းကဏ္ဍဖြစ်ပါသည်။ အလယ်တန်းကျောင်း ပြုပြင်ပြောင်းလဲမှုမှစ၍ ခရိုင်ကျောင်းများ၏ ပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်စေခြင်းဖြင့် BCPS ဧရိယာအတွင်းနေထိုင်ကြသည့် မိသားစုများနှင့် ကျောင်းသားများ၏ စိတ်ဝင်စားမှုပေါင်းစုံ၊ ပါရမီစွမ်းရည်တို့အတွက် ဘက်စုံ ပြောင်မြောက်သည့် မိမိ၏ရင်းနှီးမြှုပ်နှံမှုအစုစုတို့ ရွေးချယ်ခွင့်များကို ပံ့ပိုးပေးနိုင်ရန်ဖြစ်ပါသည်။ ခရိုင်ကျောင်းများမှ ကမ်းလှမ်းမှုများတွင် ပါဝင်ထည့်သွင်းသွားမည့် ဘာသာရပ်များမှာ ရုပ်ပုံသင် ထောက်ကူနှင့် ဖျော်ဖြေခြင်းအနုပညာ၊ STEM၊ အလုပ်အကိုင် လေ့ကျင့်ရေး၊ ကမ္ဘာလုံးဆိုင်ရာ ပညာရေး၊ ဝန်ဆောင်မှုသင်ယူလေ့လာခြင်းနှင့် အခြားအရာများ၊ ဆိုလိုသည်မှာ ကျောင်းသားများ ယခင်ကထက် မိမိတို့၏ စိတ်ဝင်စားမှုများကို အခြေခံသည့် အခွင့်အလမ်းများစွာ ပိုမိုရရှိနိုင် မည်ဖြစ်ပါသည်။

**၁၁။ ရပ်ရွာရှိ အများပြည်သူများအပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိမလဲ?**

မိမိတို့ကျောင်းများ ခိုင်မာတောင့်တင်းခြင်းသည် ရပ်ရွာပြည်သူများ၏ ခိုင်မာတောင့်တင်းမှုပင် ဖြစ်ပါသည်။ အတူတကွဖြင့် ခရိုင်နှင့် ရပ်ရွာပြည်သူများ၏ ကြိုးပမ်းမှုကြောင့် တိုးတက်ကြီးပွားမည့် Battle Creek မြို့ဖြစ်လာပြီး နေထိုင်သူပြည်သူများအားလုံးအတွက် အကျိုးဖြစ်ထွန်းလာပါမည်။ ခရိုင်ကျောင်းများ၏ ပြောင်းလဲမှုများမှစ၍ BCPS သည် အတန်းအားလုံးအတွက် ကျယ်ပြန့်သော ကမ်းလှမ်းမှုများ စီစဉ်ပြီးဖြစ်ကာ မိသားစုများပြန်လည်လာရောက်ခြင်းနှင့် မိသားစုအသစ်များ ပြောင်းရွှေ့လာစေရန် ဆွဲဆောင်နိုင်စေရန်ဖြစ်ပါသည်။ BCPS သည် အလယ်တန်းကျောင်းများ ပညာသင်ကြားမှုအတွေ့အကြုံအတွက် ထပ်မံ၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ဤစီမံချက် အောင်မြင်စွာဆောင်ရွက်နိုင်လျှင် ရပ်ရွာအတွင်း ပိုမိုများပြားသော စီးပွားရေး အခွင့်အလမ်းများ ဖြစ်ပေါ်လာပြီး မြို့နယ်အတွင်းရှိ အိမ်ခြံမြေဈေးကွက်တန်ဖိုး မြင့်မားစေခြင်း၊ အနာဂတ်အတွက် လုပ်သားအင်အားပြင်ဆင်ခြင်းနှင့် အလုပ်သမားများ၏ အသုံးစရိတ် တိုးတက် ကောင်းမွန်စေခြင်းတို့ဖြစ်သည်။

**၁၂။ နိုဝင်ဘာလ ၂ ရက်၊ ၂၀၂၁ အတွက် ကျောင်းတိုင်း၏ ချေးငွေစာချုပ် စီမံချက် အသေးစိတ် အင်္ဂါရပ်များကိုဖော်ပြပါ?**

<u>Northwestern K-8 ကျောင်း</u>

- သူငယ်တန်းစာသင်ခန်း တိုးချဲ့ခြင်း
- လိုက်လံပျူငှာ ကြိုဆိုရေးစင်တာ တိုးချဲ့ခြင်း
- ဂီတ/သီဆိုခြင်း တိုးချဲ့ခြင်း
- လုံခြုံရေး အဆင့်မြင့်မွမ်းမံခြင်းများ
- အနုပညာနှင့် အက စတူဒီယို အသစ်များ
- ဒီဂျစ်တယ် ပုံနှိပ်ခြင်းများနှင့် ဗီဒီယို ရုပ်သံအသစ်များ

- ထုတ်လုပ်မှု စီစဉ်တင်ဆက်ရေး စမ်းသပ်ခန်းအသစ်
- ဇာတ်ရုံခန်းမ အဆင့်မြင့်မွမ်းမံခြင်းများ
- ရေကူးကန် အဆင့်မြင့်မွမ်းမံခြင်းများ
- အကျိုးရှိစွာ စွမ်းအင်သုံး ပြတင်းပေါက်အသစ်များနှင့် တံခါးအသစ်များ
- အပူပေးခြင်း၊ လေဝင်လေထွက်ကောင်းမွန်စေခြင်းနှင့် အအေးပေးခြင်း (HVAC) အဆင့်မြင့်မွမ်းမံခြင်းများ

**Springfield အလယ်တန်းကျောင်း**

- လေအေးပေးစက် စနစ်အသစ်များ
- အကျိုးရှိစွာ စွမ်းအင်သုံး ပြတင်းပေါက်အသစ်များနှင့် တံခါးအသစ်များ
- အပူပေးခြင်း၊ လေဝင်လေထွက်ကောင်းမွန်စေခြင်းနှင့် အအေးပေးခြင်း (HVAC) အဆင့်မြင့်မွမ်းမံခြင်းများ
- မီးပေးတပ်ဆင်မှု အသစ်များ
- အများသုံးအိမ်သာ အဆင့်မြင့်မွမ်းမံခြင်းများ
- လွယ်ကူသက်သာ အသုံးပြုခြင်းဆိုင်ရာ အဆင့်မြင့်မွမ်းမံခြင်းများ
- နည်းပညာဆိုင်ရာ အဆင့်မြင့်မွမ်းမံခြင်းများ
- ကျောင်းစာသင်ခန်း ပရိဘောဂ အသစ်

**၁၃။ Northwestern ကျောင်းအား ဖျော်ဖြေမှုအနုပညာ အသားပေးကျောင်းအဖြစ် အဘယ်ကြောင့် ပြောင်းလဲပါသလဲ?**

Northwestern ကျောင်းအား ရုပ်ပုံနှင့်ဖျော်ဖြေမှုအနုပညာ အကယ်ဒမီကျောင်းအဖြစ် အသွင်ပြောင်းရခြင်းမှာ BCPS မြို့နယ်ရှိ လိုအပ်ချက်ဖြစ်သည့် ရပ်ရွာပြည်သူများအတွက် ဘက်စုံပြောင်းမြောက်သည့် နယ်ပယ်တစ်ခုအဖြစ် တွေ့မြင်လိုသည့်အချက်ကြောင့်ဖြစ်ပါသည်။ Northwestern ကျောင်းအား K–8 visual and performing arts academy သို့ပြောင်းလဲပြီး နောက်တွင် အနုပညာအား စိတ်အားထက်သန်သည့် ကျောင်းသားများအတွက် မိမိတို့၏ စိတ်ပါဝင်စားချက်အပေါ် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ ကျောင်းသားများ ပြည့်ဝသည့် အနုပညာ ပညာသင်ကြားရေးအတွေ့အကြုံအနေဖြင့် ရပ်ရွာလူထု ဖျော်ဖြေမှုများ၊ အများပြည်သူအတွက် အနုပညာခင်းကျင်းမှုများနှင့် အများပြည်သူပါဝင်ပတ်သတ်မှုတို့ဖြစ်သည်။

**၁၄။ ရုပ်ပုံသင်ထောက်ကူနှင့် အနုပညာဖျော်ဖြေမှုများသည် ဘာကြောင့် ကျောင်းသားတစ်ဦး၏ အောင်မြင်တိုးတက်ရေးအတွက် အလွန်အရေးပါရခြင်း ဖြစ်ပါသလဲ?**

ၚင်းအစီအစဉ်များသည် -

- ကျောင်းသားများအား ကျန်းမာစွာ စိတ်ခံစားချက် ပေါ်လွင်ထုတ်ဖော်ခြင်းကို ရှာဖွေတွေ့ရှိစေနိုင်ရန်၊ မိမိ၏ ကိုယ်ပိုင်တန်ဖိုးသိရှိမှုကို တည်ဆောက်ပေးနိုင်ရန်၊ သင်ယူလေ့လာမှုများ အပေါ် အလေးထားစူးစိုက်မှုရှိစေရန်၊ မိမိ ပတ်ဂန်းကျင်ရှိ ကမ္ဘာလောကအတွက် ပြန်လည် ကူညီပေးဆပ်နိုင်မည့် စွမ်းအားများ ရှာဖွေတွေ့ရှိစေနိုင်ရန်
- ရပ်ရွာလူထုဆိုင်ရာ လုပ်ရှားမှုများနှင့် ဖျော်ဖြေမှုများ ပြုလုပ်ခြင်းအားဖြင့် ပတ်ဂန်းကျင် လူထုနှင့် အများပြည်သူများအပေါ် အကောင်းမြင်ပြီး တိုးတက်မှုရှိသည့် လွှမ်းမိုးမှု ဖြစ်ပေါ်စေနိုင်ရန်
- ကျောင်းသင်ရိုးအတွင်း အနုပညာသင်ကြားမှုများ ထည့်သွင်းပုံဖော်ခြင်းအားဖြင့် ကျောင်းသား၏ အောင်မြင်ဖြစ်ထွန်းမှုကို တိုးမြှင့်ပေးသောကြောင့် အလေးထား အာရုံ စူးစိုက်မှု မြင့်မားခြင်း၊ စိတ်ပါဂင်စားခြင်းနှင့် သင့်လျော်ခြင်းများ ဖြစ်ပေါ်စေရန်
- ဖန်တီးနိုင်စွမ်းမြင့် ခံစားချက်ထုတ်ဖော်နည်းကို အသုံးပြုခြင်းကြောင့် ကျောင်းသားများ၏ မတူကွဲပြားသည့် လေ့လာသင်ကြားမှု ပုံစံများအလိုက် မိမိတို့၏ အသံများကို ကြားစေခြင်း
- တီထွင်ဖန်တီးမှုနှင့် စိတ်ပါဂင်စားစေမည့် သင်ရိုးများ ကျယ်ပြန့်စွာ ထည့်သွင်းထားသည် - ရုပ်ပုံသင်ထောက်ကူ အနုပညာ၊ စာပေအနုပညာ၊ ပြဇာတ်၊ ဘဲလေးကချေသည်၊ မျက်မှောက်ခေတ် အက၊ တေးဂီတအဖွဲ့၊ တူရိယာသံစုံတီးဝိုင်း၊ အဆိုဂီတ၊ ဂီတရေးဖွဲ့ခြင်း နှင့် ရုပ်၊သံ ရောနှော မီဒီယာ အနုပညာ

**၁၅။ Northwestern ကျောင်းကို K-8 ကျောင်းအဖြစ် အဘယ်ကြောင့် ပြောင်းလဲရပါသလဲ?**

ကျောင်းသားများ မည်သည့် အသက်အရွယ်မဆို ရုပ်ပုံသင်ထောက်ကူနှင့် အနုပညာဖျော်ဖြေခြင်း များမှတစ်ဆင့် အကျိုးများစွာဖြစ်ထွန်းနိုင်သည်ကို ကျွန်ုပ်တို့ယုံကြည်ထားပါသည်၊ ထို့ကြောင့် K-8 ကျောင်းအဖြစ်ပြောင်းလဲခြင်းသည် အနုပညာအကယ်ဒမီကျောင်းအနေဖြင့် မိမိတို့၏ ရပ်ရွာ အတွင်းရှိ ကျောင်းသားများအား တတ်အားသရွေ့ကောင်းမွန်သော အကျိုးသက်ရောက်မှု ဖြစ်စေနိုင်ရန်ဖြစ်ပါသည်။ K-8 နမူနာစံပြအဖြစ် ပြောင်းလဲခြင်းကြောင့် တည်ငြိမ်မှုမြင့်မားစေပြီး အတန်းပြောင်းရာတွင် ကြုံတွေ့ရလေ့ရှိသော အခက်အခဲများကို လျော့ပါးလာစေနိုင်သည်၊ ထို့အပြင် ကျောင်းသားများအား ပညာသင်ကြားပေးသူများနှင့် ခိုင်မာသည့် ယုံကြည်မှုပြည့်ဂသော ပေါင်းသင်းဆက်ဆံမှုတည်ဆောက်စေကာ နှစ်ကာလရှည်ကြာစွာ တည်မြဲနေစေရန်ဖြစ်သည်။

### ၁၆။ Springfield ကျောင်း၌ ဘာတွေပြောင်းလဲမှုရှိမလဲ?

Springfield ကျောင်းသည် ဆက်လက်၍ ဂန်ဆောင်မှုပေး ပညာသင်ကြားသည့်ကျောင်းအသွင်ကို ကူးပြောင်းမည်ဖြစ်ပြီး အရည်အသွေးမြင့်ပညာရေးပံ့ပိုးကာ ကျောင်းသားများ ကောလိပ်တွင် အောင်မြင်နိုင်ရေး၊ အလုပ်အကိုင်ဆောက်တည်နိုင်ရေးနှင့် မိမိတို့၏ ရပ်ရွာကောင်းကျိုးအတွက် ပြန်ဆင်နိုင်ရန် ကူညီပါသည်။ ဂန်ဆောင်မှုပေး ပညာသင်ကြားရေးမှတစ်ဆင့် ကျောင်းသားများ အား မိမိတို့၏ ရပ်ရွာလူထုနှင့် ပိုမိုခိုင်မာသည့် ဆက်နွယ်မှုများဖန်တီးပေးကာ လူမှုဆက်ဆံရေး နှင့် အခက်အခဲဖြေရှင်းနည်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ကိုယ်ချင်းစာနာမှုကို အားပေးခြင်းနှင့် ကျောင်းသားများ ဤနေရာသည် မိမိတို့နှင့် သက်ဆိုင်သည်ဟုခံစားကြစေနိုင်ရန်ဖြစ်သည်။

### ၁၇။ Northwestern ကျောင်းရေကူးကန်အတွက် အပြောင်းအလဲများဖြစ်ပေါ်မည်လား?

Northwestern ကျောင်း၏ရေကူးကန်သည် ကာယလေ့ကျင့်ခန်းစာသင်ကြားရေး၊ ရေကူးသင် တန်းများနှင့် အများပြည်သူအသုံးပြုရေးအတွက် ဆက်လက်၍ အသုံးပြုတည်ရှိနေမည်ဖြစ်သည်။ ငွေချေးစာချုပ်များမှတစ်ဆင့် တိုးတက်ပြောင်းလဲမှုများလုပ်ကိုင်သွားမည်ဖြစ်ပြီး ရေကူးကန် အနည်စစ်ထုတ်ခြင်း အဆင့်မြင့်မွမ်းမံခြင်းများနှင့် အပူပေးကိရိယာတပ်ဆင်ခြင်းအပါအဝင် မီးပေးစနစ်နှင့် အပူပေး/စိုထိုင်းမှုဟန့်တားသည့် ကိရိယာတပ်ဆင်ခြင်းများလည်းပြုလုပ်မည် ဖြစ်ပါသည်။

### ၁၈။ ငွေချေးစာချုပ် စီမံကိန်းများအတွက် ခန့်မှန်းချက် ကုန်ကျစရိတ်ရှင်းတမ်းမှာ မည်သို့နည်း?

၂၀၂၁ ခုနှစ်ငွေချေးစာချုပ်ပါ စီမံကိန်း၏ ဆောက်လုပ်ရေးဆိုင်ရာ ကုန်ကျစရိတ် ခန့်မှန်းခြေ ကုန်ကျစရိတ်များကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ထားပါသည်

| အဆောက်အအုံ | ဆောက်လုပ်ရေးတန်ဖိုး ခန့်မှန်းကုန်ကျစရိတ် |
|---|---:|
| Northwestern K-8 ကျောင်း | $၃၂,၁၉၁,၃၇၃ |
| Springfield အလယ်တန်းကျောင်း | $၁၂,၂၀၉,၂၅၁ |
| | |
| **စုစုပေါင်း ငွေချေးစာချုပ်** | **$၄၄,၈၀၀,၀၀၀** |

### ၁၉။ ငွေချေးစာချုပ် စီမံချက်သည် သာမာန် အခွန်ထမ်းပြည်သူများအတွက် ဘယ်လောက် ကုန်ကျမလဲ?

ငွေချေးစာချုပ်စီမံချက်သည် $၄၄,၈၀၀,၀၀၀ ဒေါ်လာသန်းဖြစ်သည်။ မဲခွဲဆုံးဖြတ်ပြီး ခွင့်ပြုချက် ရရှိပါက အသစ်ချမှတ်မည့် ချေးငွေစာချုပ်အပေါ်ပေးဆောင်ရမည့် အခွန်နှုန်းထား ပမာဏမှာ

ပထမနှစ်တွင် ဒေါ်လာ ၂.၇၁ သန်း (လက်ရှိ အခွန်နှုန်းထားထက် ဒေါ်လာ ၁.၅ သန်းပိုမိုများပြား) ဖြစ်ပြီး အခွန်ထမ်းပြည်သူများအပေါ် အောက်ပါသက်ရောက်မှုများနှင့် တန်းတူကြုံပါသည်။

| အိမ်ခြံမြေဈေးကွက် လက်ရှိပေါက်ဈေး | နှစ်စဉ် အခွန်သတ်မှတ်ချက် မြင့်တက်နိုင်မှု |
|---|---|
| $၅၀,၀၀၀ | $၃၇.၇၅ |
| $၁၀၀,၀၀၀ | $၇၅.၅၀ |
| $၁၅၀,၀၀၀ | $၁၁၃.၂၅ |

*မှတ်ရန်။ အခွန်မြင့်တက်မှုမှာ ခန့်မှန်းခြေဖြစ်ပြီး ပမာဏပြောင်းလဲနိုင်ပါသည်

## ၂၀။ အိမ်ငှားနေရမည့်သူများအတွက် ဘယ်လိုသက်ရောက်မလဲ?

စီမံချက်ခွင့်ပြုချက်ကျပါက အိမ်ငှားနေသူများကို ငွေကြေးနှင့်ပတ်သတ်၍ သက်ရောက်မှုမရှိပါ၊ သို့သော် မဲပေးကြစေလိုပါသည်! မိမိနေထိုင်သော မြို့ကြီး သို့မဟုတ် မြို့နယ်တွင် မဲပေးရန် စာရင်းသွင်းထားသူဖြစ်ပြီး BSPS၏ ခရိုင်ကျောင်းများ သတ်မှတ် ဧရိယာအတွင်းတွင်နေထိုင်ပါက လာမည့် နိုဝင်ဘာလတွင် သင်၏အသံကို အများကြားအောင် ပြုလုပ်ခွင့်ရှိပါသည်။

## ၂၁။ အဆိုပါ ပိုင်ဆိုင်မှု အခွန်နှုန်းများကို မိမိ၏ ဝင်ငွေအခွန်ပေးဆောင်ရာတွင် လျော့တွက် နုတ်ယူ သတ်မှတ်နိုင်ပါသလား?

အိမ်ခြံမြေအခွန်သည် ဖယ်ဒရယ်ဝင်ငွေအခွန်ဆောင်ရာတွင် မိမိမှ သီးခြားဖော်ပြရန် စီစဉ်ထားပါက itemized deductions ဟု၍ ထည့်သွင်းတွက်ချက်နိုင်ပါသည်။ သင်၏ မစ်ရှီဂန် ဝင်ငွေအခွန် ဆောင်ရာတွင်လည်း မစ်ရှီဂန် အိမ်ခြံမြေပိုင်ဆိုင်မှု အခွန်လျော့ငွေအဖြစ်ထည့်သွင်းတွက်ချက် နိုင်ရန် ခံစားခွင့်ရရှိနိုင်ပါသည်။ ကျေးဇူးပြု၍ မိမိ အကောက်ခွန်အရာရှိနှင့် ဆွေးနွေးခြင်းပြုလုပ်ပါ။

## ၂၂။ Michigan Homestead Property Tax Credit မစ်ရှီဂန် အိမ်ခြံမြေ ပိုင်ဆိုင်မှု အခွန်လျော့ငွေ ဆိုသည်မှာ ဘာကိုရည်ညွှန်းပါသလဲ?

မစ်ရှီဂန် အိမ်ခြံမြေပိုင်ဆိုင်မှု အခွန်လျော့ငွေဆိုသည်မှာ မိမိ အိမ်ထောင်စု၏ ဝင်ငွေရာခိုင်နှုန်း တစ်ခုထက်သာလွန်၍ အိမ်ခြံမြေပိုင်ဆိုင်မှုအခွန်ပေးဆောင်ရန် များပြားနေပါက အခွန်ထမ်းပြည် သူများအတွက် လျော့တွက်ပမာဏတစ်ခု ရရှိစေမည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဤအစီအစဉ်သည် အိမ်ပိုင်ရှိသူများ သို့မဟုတ် အိမ်ငှားနေသူများမှ အိမ်ခြံမြေပိုင်ဆိုင်မှု အခွန်လျော့ငွေ ခံစားခွင့်ရရှိနိုင်မည့်သူများ စသည်ဖြင့် အမျိုးအစားခွဲခြားသတ်မှတ်ထားပါသည်။

ကျေးဇူးပြုပြီး မိမိ၏အကောက်ခွန်အရာရှိနှင့် ဆွေးနွေးခြင်းပြုလုပ်ပြီး ဤအရေးကြီးသော တန်ဖိုးရှိ အခွန်လျှော့ငွေအား မိမိခံစားခွင့်ရှိမရှိ ဆုံးဖြတ်ချက်ရယူပါ။

**၂၃။ ငွေချေးစာချုပ်စီမံကိန်းမှငွေကို လစာပေးခြင်းနှင့် အကျိုးခံစားခွင့် ထောက်ပံ့ကြေးပေးခြင်း များ ပြုလုပ်နိုင်ပါသလား?**

မပြုလုပ်နိုင်ပါ၊ မစ်ရှီဂန်ပြည်နယ် ဥပဒေနှင့် ဆန့်ကျင်ဖက်ဖြစ်နေခြင်းကြောင့်ဖြစ်သည်။ ငွေချေး စာချုပ်ပါ ဒေါ်လာများကို လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ အသုံးစရိတ်များဖြစ်သည့် ဂန်ထမ်းလစာ ပေးခြင်း၊ အဆောင်အဦးထိန်းသိမ်းကုန်ကျစရိတ် သို့မဟုတ် စွမ်းအင်အသုံးပြုစရိတ်များအတွက် အသုံးပြုခွင့်မရှိပါ။ ငွေချေးစာချုပ် စီမံကိန်းရန်ပုံငွေသည် လုပ်ငန်းလည်ပတ်ရန်ပုံငွေမှ သီးခြား သတ်မှတ်ကာ စာရင်းပြုစုရပါမည်။ ငွေချေးစာချုပ်ငွေကြေးများသည် စာရင်းစစ်ခြင်းလည်း ခံရနိုင်ပါသည်။

**၂၄။ ငွေချေးစာချုပ်စီမံချက်ငွေကြေးမှ အသုံးပြုနိုင်သည့်အရာနှင့် အသုံးပြုခွင့်မရှိသည့် အရာများ ကို ကျေးဇူးပြု၍ ရှင်းပြပါ။**

ငွေချေးစာချုပ်မှ အကျိုးအမြတ်ကို အောက်ပါအရာများတွင် အသုံးပြုခွင့် <u>မရှိပါ</u> -

- လစာပေးခြင်းနှင့် လုပ်အားခပေးခြင်း
- လုပ်ငန်းလည်ပတ်မှုဆိုင်ရာ သာမန်ကုန်ကျစရိတ်များနှင့် ထိန်းသိမ်းပြုပြင်ကုန်ကျစရိတ်
- စာသင်ခန်း သင်ထောက်ကူပစ္စည်းများနှင့် ဖတ်စာအုပ်များ

ငွေချေးစာချုပ်မှ အကျိုးအမြတ်ကို အောက်ပါအရာများတွင် အသုံးပြုခွင့် **<u>ရှိပါသည်</u>** -

- ဆောက်လုပ်ရေးနှင့် အဆောက်အဦးပြုပြင်မွမ်းမံရေးများ
- သင်ကြားလေ့လာရေးအတွက် နည်းပညာပစ္စည်းများ ဂယ်ယူခြင်း
- ပစ္စည်းကိရိယာနှင့် ပရိဘောဂ
- တည်နေရာ တိုးတက်ကောင်းမွန်ရေးလုပ်ဆောင်ချက်များ

**၂၅။ ကျောင်းခရိုင်သည် W.K. Kellogg Foundation မှထောက်ပံ့ရန်ပုံငွေ ရရှိပြီးဖြစ်သည် မဟုတ်ပါလား? ဤစီမံကိန်းအတွက် ၎င်းရန်ပုံငွေကို ဘာကြောင့်အသုံးပြုခြင်းမရှိပါသလဲ?**

၂၀၁၇ ခုနှစ်တွင် BCPS သည် W.K. Kellogg Foundation မှ ငါးနှစ်တာကာလအတွက် ထောက်ပံ့ငွေဂရန်ချပေးခြင်းရရှိခဲ့ပါသည်၊ ထိုထောက်ပံ့ငွေကို ကျောင်းခရိုင်ပြုပြင်ပြောင်းလဲရေးနှင့် ကျောင်းသားအယောက်တိုင်းအတွက် ပညာရေးအောင်မြင်မှုရရှိစေရန်ဖြစ်ပါသည်။ ၎င်းထောက်ပံ့ ငွေကို ဇွန်လ ၃၀၊ ၂၀၂၂ အထိဆက်လက်ရရှိမည်ဖြစ်ပြီး ကျောင်းခရိုင်၏လုပ်ငန်းလည်ပတ်မှုများ၊ အစီအစဉ်အသစ်များရေးဆွဲခြင်းနှင့် ကျောင်းတိုင်း၊ ကျောင်းသားတိုင်း၏ အတန်းတို့အတွက် အခွင့်အလမ်းများ ကူညီဖန်တီးပေးရန်သာ အသုံးပြုရမည်ဖြစ်ပါသည်။ ထိုထောက်ပံ့ငွေကို ဆောက်လုပ်ရေးအတွက် အသုံးပြုခွင့်မရှိပါ။

**၂၆။ ငွေချေးစာချုပ်စီမံချက် ခွင့်ပြုချက်ရပါက လက်ရှိကျောင်းလုပ်ငန်းလည်ပတ်ရေးဆိုင်ရာ ကြိုတင် ဘဏ္ဍာငွေစာရင်းအတွက် သက်ရောက်မှုရှိပါသလား?**

ငွေချေးစာချုပ်ကို လက်ရှိအသုံးပြုနေသည့် အဆောက်အဦးဟောင်းများ အဆင့်မြင့်တင်ရေး၊ စက်ပိုင်းဆိုင်ရာစနစ်များ နှင့် ကျောင်းသားအစီအစဉ်များအတွက် နည်းပညာ၊ အရင်းအနှီးကူညီထောက်ပံ့ရေးများအတွက် ခွဲတန်းချ အသုံးပြုသွားမည်ဖြစ်ပါသည်။

**၂၇။ ကျောင်းခရိုင်သည် ESSER ထောက်ပံ့ငွေ ရရှိနေသည် မဟုတ်ပါလား? ၎င်းငွေများကို မည်သည့်အရာများအတွက် အသုံးပြုနေပါသလဲ?**

BCPS သည် အောက်ပါ ဒေါ်လာငွေကြေးထောက်ပံ့မှုကို ပြည်နယ်မှ ရရှိထားပါသည်-

- ESSER II - $၁၃,၉၂၆,၇၀၂
- ESSER III - $၃၁,၂၇၇,၃၉၅

ESSER II ထောက်ပံ့ကြေး၏ အဓိကအသုံးပြုစရိတ်မှာ ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ သင်ကြားမှုသင်ယူမှုဆုံးရှုံးခြင်းများအတွက် ထောက်ကူပေးခြင်းဖြစ်ပါသည်။ ထို့အပြင် စာသင်ခန်းနေရာချထားရေးနှင့် သင်ထောက်ကူပစ္စည်းများ ဥပမာ အသက်အရွယ်အလိုက် အသုံးပြုရမည့် ကိရိယာများနှင့် သင်ယူလေ့လာမှု နည်းပညာလမ်းစဉ်များဖြစ်ပါသည်။

ESSER III ထောက်ပံ့ကြေး၏ အဓိကအသုံးပြုစရိတ်မှာ HVAC စနစ်အတွက် အကဲဖြတ်ခြင်း၊ Dudley၊ Fremont၊ Verona၊ Lamora Park နှင့် WK Preparatory စသည့် အဆောင်အဦး ၅ ခု၏ စွမ်းအင်အသုံးပြုမှု ချင့်ချိန်ဆုံးဖြတ်ခြင်းများအတွက်ဖြစ်ပါသည်။ ထောက်ပံ့ ကြေး၏ ၂၀% ကို သင်ယူလေ့လာရေး ပြန်လည်ထူထောင်ခြင်းအတွက် ကြိုတင်လျာထားပါသည်။

**၂၈။ State Aid ဖောင်ဒေးရှင်း မှထောက်ပံ့ကြေးငွေ ပမာဏ မည်မျှဖြစ်သည်နှင့် မည်သည့် အရာများအတွက်အသုံးပြုပါသလဲ?**

ခရိုင်အတွက် State Aid ဖောင်ဒေးရှင်းထောက်ပံ့ကြေးငွေမှာ လက်ရှိတွင် ကျောင်းသားတစ်ဦး အတွက် တစ်နှစ်လျှင် $၈,၇၀၀ ဖြစ်သည်။ မစ်ရှီဂန်ပြည်နယ်တွင် ဖောင်ဒေးရှင်းထောက်ပံ့ငွေသည် ကျောင်းများ၏ နိစ္စဓူဝ လုပ်ငန်းလည်ပတ်ရေးအသုံးစရိတ်များအတွက် အဓိကအခွန်ဘဏ္ဍာအဖြစ် အသုံးပြုနေရပါသည်။ ဤပမာနကြသည့် ထောက်ပံ့ကြေးငွေကြောင့် ခရိုင်ကျောင်းများ၏ အခြေခံကြသောလိုအပ်ချက်စီမံခန့်ခွဲရေးဖြစ်သည့် ဆရာဆရာမများ၊ အုပ်ချုပ်မှုတာဝန်ရှိသူများနှင့် ဝန်ထမ်းလစာများထုတ်ပေးခြင်း၊ အကျိုးခံစားခွင့် ထောက်ပံ့မှုများ၊ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များ၊ နေ့စဉ်အဆောက်အဦးထိန်းသိမ်းရေး ကုန်ကျစရိတ်နှင့် ရေ လျှပ်စစ်အသုံးပြုမှုများ၊

ကျောင်းနှစ်မျိုးတစ်ပြိုင်နက်တက်ရောက်ခြင်း ကျောင်းလခနှင့် သင်ရိုး အထောက်အကူ ပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ စသည်တို့ကန့်သတ်ခြင်းမရှိ ပါဝင်ပါသည်။

**၂၉။ နိုင်ဝင်ဘာလ ၂ ရက်နေ့ မဲမပေးခင်အထိ အရေးပါသော နေ့စွဲများမှာ?**

မဲပေးခွင့်ရှိသူများ စာရင်းသွင်းခြင်း လုပ်ထုံးများသည် ၂၀၁၈ ခုနှစ်မှစ၍ ပြောင်းလဲခဲ့ပါသည်။

**အောက်တိုဘာလ ၁၈၊ ၂၀၂၁** – နိုဝင်ဘာ ရွေးကောက်ပွဲတွင် ရုံးစာရေးထံ လူကိုယ်တိုင် လာရောက်စာရင်းသွင်းခြင်းမှ အပ အခြားစာရင်းသွင်းခြင်းနည်းလမ်းများ၏ နောက်ဆုံးနေ့

**အောက်တိုဘာလ ၂၉၊ ၂၀၂၁ ညနေ ၅ နာရီအထိ** – စာတိုက်မှမဲပေးခွင့်လိုသူမဲဆန္ဒရှင်များ ဆန္ဒမဲပေးလွှာကို စာတိုက်မှ ပထမတန်းပို့စာမှတစ်ဆင့် ရယူနိုင်ရန် သတ်မှတ်ကာလ နောက်ဆုံးရက်

**နိုဝင်ဘာလ ၁၊ ၂၀၂၁ ညနေ ၄ နာရီအထိ** – မဲပေးမည့် မဲဆန္ဒရှင်များ ဆန္ဒမဲပေးလွှာကို ရုံးစာရေးထံမှ လူကိုယ်တိုင်လာရောက်ရယူနိုင်ရန် သတ်မှတ်ကာလနောက်ဆုံးရက်

**နိုဝင်ဘာလ ၂၊ ၂၀၂၁ ည ၈ နာရီအထိ** – ရွေးကောက်ပွဲ မဲစာရင်းပေးထားသူများ မြို့နယ်ရုံးတွင် လူကိုယ်တိုင်လာရောက်မဲပေးရန် သို့မဟုတ် သတ်မှတ်ရာ မဲဆန္ဒနယ်တွင် လူကိုယ်တိုင်လာ ရောက်မဲပေးခြင်း။

**၃၀။ နိုဝင်ဘာလ ၂၊ ၂၀၂၁ ရက်တွင် လာရောက်မဲပေးခြင်းမပြုလုပ်နိုင်ပါက စာတိုက်မှမဲပေးခြင်း အတွက် အခြားရွေးချယ်စရာများမှာ?**

စာတိုက်မှမဲပေးခြင်းအတွက် မဲဆန္ဒပေးလွှာကို လျှောက်ထားရန် ပထမအဆင့်ပို့စာမှတစ်ဆင့် သတ်မှတ်ကာလ နောက်ဆုံးရက် အောက်တိုဘာလ ၂၉ ညနေ ၅ နာရီမတိုင်ခင် ရယူရမည်ဖြစ်ပြီး မဲဆန္ဒရှင်များသည် နိုဝင်ဘာလ ၂ ရက် အင်္ဂါနေ့ ည ၈ နာရီအထိ လူကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးလွှာကို ရယူနိုင်သည်။ ဖြည့်စွက်ပြီးဖြစ်သော စာတိုက်မှမဲပေးခြင်း ဆန္ဒမဲပေးလွှာကို နိုဝင်ဘာလ ၂ ရက် အင်္ဂါနေ့ ည ၈ နာရီအထိနောက်ဆုံးထား ပေးပို့နိုင်သည်။

စာတိုက်မှတစ်ဆင့်မဲဆန္ဒပေးရန်လျှောက်လွှာကို လက်ခံရရှိခြင်းမရှိပါက -
www.michigan.gov/vote တွင်ရယူနိုင်သည်
မြို့နယ်ရုံးမှ ရယူနိုင်သည်

*မှတ်ချက်- ဆန္ဒမဲပေးလွှာများရောက်ရှိလာလျှင် မြို့နယ်ရုံးသို့ သွားရောက်၍ လူကိုယ်တိုင် စာတိုက်မှမဲပေးမည့် ဆန္ဒမဲပေးလျှောက်လွှာကို ရယူနိုင်သည်၊ ဖြည့်စွက်ပါ၊ ပြီးလျှင် မိမိမဲပေးရန် စာရွက်ချက်ချင်းရရှိမည်ဖြစ်သည်။ မြို့နယ်ရုံးဖွင့်ချိန် အချိန်ဇယားကို စစ်ဆေးပြီး စာများထည့်ခဲ့နိုင် မည့် စာသေတ္တာ ရှိ မရှိမေးမြန်းနိုင်ပါသည်။*

## ၃၁။ ထပ်မံသိရှိလိုသည်များကို မည်သူ့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသလဲ?

မစ်စ်. ရွန်ဒါ ပေါ့ထ်စ်၊ စီးပွားရေးနှင့် ဘဏ္ဍာရေး အလုပ်အမှုဆောင် ဒါရိုက်တာ

၂၆၉-၉၆၅-၉၅၀၆ | [rpotts@battle-creek.k12.mi.us](mailto:rpotts@battle-creek.k12.mi.us)

## ၃၂။ မည်သည့်နေရာတွင် မဲပေးနိုင်သလဲ?

| BATTLE CREEK မြို့နယ် မဲရုံတည်နေရာများ | | |
|---|---|---|
| မဲဆန္ဒနယ် | အဆောက်အအုံ | လိပ်စာ |
| ၁ | Trinity လူသရန် ဘုရားကျောင်း | 2055 Columbia Avenue, E |
| ၄ နှင့် ၁၀ | Christ United မသ်သဒစ် ဘုရားကျောင်း | 65 N. Bedford Road |
| ၅၊ ၁၁ နှင့် ၂၀ | Woodland ဘုရားကျောင်း | 14425 S. Helmer Road |
| ၆ နှင့် ၉ | Chapel Hill United မသ်သဒစ်ဘုရားကျောင်း | 157 Chapel Hill Drive |
| ၇ နှင့် ၁၃ | Trinity United မသ်သဒစ် ဘုရားကျောင်း | 10 Bidwell Street, West |
| ၈ | St. Peter လူသရန် ဘုရားကျောင်း | 1079 Riverside Drive |
| ၁၂ နှင့် ၂၁ | Second Missionary ဘဗ်တစ် ဘုရားကျောင်း | 485 N. Washington Avenue |
| ၁၅ နှင့် ၁၇ | Battle Creek အများပြည်သူဘုရားကျောင်း | 552 E. Emmett Street |
| ၁၈ | Cherry Hill အိမ်ယာ | 10 Clay Street |
| ၁၉ | Maple United မသ်သဒစ်ဘုရားကျောင်း | 342 Capital Avenue, NE |
| ၂၊ ၃၊ ၂၂ နှင့် ၂၃ | First Assembly of God | 800 S. 24th Street |

| SPRINGFIELD မြို့နယ် မဲရုံတည်နေရာများ | | |
|---|---|---|
| မဲဆန္ဒနယ် | အဆောက်အအုံ | လိပ်စာ |
| ၁ နှင့် ၂ | Springfield မြို့နယ်ခန်းမ | 601 Avenue A |

| BEDFORD CHARTER TOWNSHIP မြို့နယ် မဲရုံတည်နေရာများ | | |
|---|---|---|
| မဲဆန္ဒနယ် | အဆောက်အအုံ | လိပ်စာ |
| ၂ | St. Jerome ကက်သလစ်ဘုရားကျောင်း | 229 Collier Avenue |
| ၃ | မီးသတ်ရုံ #၃ | 5902 W. Morgan Road |

**၃၃။ ငွေချေးစာချုပ် စီမံချက်သည် မဲဆန္ဒပေးလွှာ၌ မည်သို့ဖေါ်ပြထားပါမည်လဲ?**

BATTLE CREEK မြို့နယ်ကျောင်းများ

ငွေချေးစာချုပ် စီမံချက်

Battle Creek မြို့နယ်ကျောင်းများ၊ ကယ်လ်ဟွန်းခရိုင်၊ မစ်ရှီဂန်ပြည်နယ်သည် ဒေါ်လာ လေးဆယ့်လေးသန်း ရှစ်သိန်း ($၄၄,၈၀၀,၀၀၀) မျှသော ပမာဏထက်မပိုသည့် ငွေကြေး ချေးယူနိုင်ပါမည်လားနှင့် ချေးယူအပြီးတွင် general obligation unlimited tax bonds ထုတ်ပေးနိုင်ရန်။ ရည်မှန်းချက်မှာ -

> ဆောက်လုပ်ခြင်း အပြင်ထပ်မံ၍ ပုံစံသစ်ထပ်မံတည်ဆောက်ခြင်း၊ ပစ္စည်းတပ်ဆင်ခြင်းနှင့် ပြန်လည် ပစ္စည်းများ တပ်ဆင်ခြင်း၊ ပရိဘောဂများ ထည့်သွင်းခြင်းနှင့် ကျောင်းအဆောက်အအုံအတွင်း ပရိဘောဂများ ပြန်လည် ခင်းကျင်းခြင်း။ ကျောင်းအဆောက်အအုံအတွင်း သင်ယူလေ့လာမှု နည်းပညာ စနစ်နှင့်ပစ္စည်းများ ရယူကြိုးပမ်း၍ တပ်ဆင်ခြင်း။ ပစ္စည်းတပ်ဆင်ခြင်း၊ ကလေး ကစားကွင်းများ တည်ဆောက်ခြင်းနှင့် ပိုမိုကောင်းမွန်အောင် မွမ်းမံခြင်း၊ ကား ပါကင် ဧရိယာများ၊ ကားလမ်းနှင့် ဆောက်လုပ်ရေးနေရာများ?

ဟုတ်ပါသည် **O**

မဟုတ်ပါ **O**

ငွေချေးစီမံကိန်းတင်ပြချက်အတွက် ခန့်မှန်းအခွန်စည်းကြပ်နှုန်းမှာ ၂၀၂၂ ခုနှစ်အတွက် ၂.၇၁ သန်း (အခွန်ပေးဆောင်နိုင်သည့် တန်ဖိုး $၁,၀၀၀ တိုင်းအတွက် $၂.၇၁) ဖြစ်သည်။ အကြွေးတင် ကျန်ရှိနေနိုင်မည့် မည်သည့် ငွေချေးစာချုပ်စီမံချက်မဆို အများဆုံး နှစ်ဆယ့်ခြောက် (၂၆) နှစ်ကြာ ကာလအထိ ငွေပြန်အမ်းခြင်း မပါပဲတည်ရှိနိုင်သည်။ ဤငွေချေးစာချုပ်အကြွေး ပြီးမြောက်နိုင်ရန် လိုအပ်သည့် နှစ်စဉ် အခွန်စည်းကြပ်နှုန်း ခန့်မှန်းခြေမှာ ၃.၃၁ သန်း (အခွန်ပေးဆောင်နိုင်သည့် တန်ဖိုးငွေ $၁,၀၀၀ တိုင်းအတွက် $၃.၃၁) ဖြစ်သည်။

ကျောင်းခရိုင်သည် ငွေချေးစာချုပ်အတွက် အကြွေးဆပ်ခြင်းအပေါ် ပြည်နယ်မှ ချေးငွေယူခြင်း ပြုလုပ်ရမည်ဟု မျှော်လင့်ထားခြင်းမရှိပါ။ လက်ရှိ သတ်မှတ်ချက်ပြည့်သည့် ငွေချေးစာချုပ် စုစု ပေါင်းအကြွေး ပမာဏမှာ $၄၂,၇၈၅,၀၀၀ ဖြစ်သည်။ လက်ရှိ သတ်မှတ်ချက်ပြည့်သည့် အတိုးဖြင့်

ချေးငွေယူထားခြင်း စုစုပေါင်း ပမာဏမှာ $၀ ဖြစ်သည်။ ခန့်မှန်းချက် အခွန်စည်းကြပ်ငွေနှုန်းထားမှာ အခြေအနေပြောင်းလဲမှုအပေါ် မူတည်၍ အပြောင်းအလဲဖြစ်နိုင်ပါသည်။

(ပြည်နယ်ဥပဒေ၏ သဘောတူညီချက်အရ ငွေချေးစာချုပ်ဆိုင်ရာ အသုံးစရိတ်များသည် စာရင်းစစ်ခြင်း မှချပြုလုပ်ရမည်၊ ပြုပြင်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ခြင်း ကုန်ကျစရိတ်၊ ဆရာဆရာမ၊ အုပ်ချုပ်ရေးတာဝန်ရှိသူ သို့မဟုတ် ဝန်ထမ်းများ၏ လစာများ သို့မဟုတ် လုပ်ငန်းလည်ပတ်ရေး အသုံးစရိတ်များ အပါအဝင်)